# ကြာပန်းသူခိုး အဆိုးမဆိုသော်

အရှင်ဥာဏိက



ပိဋကတော်လာ သိင်္ဃပုပ္ဖဇာတကဝတ္ထု မြန်မာပြန်ကိုပြန်လည်ဖတ်ဖြစ်မိတော့ အတွေးတစ်ခုဝင်လာတယ်၊ ဒီဝတ္ထုမှာ နောက်ဆက်တွဲ တစ်ခုခု ကျန်နေသလိုလည်းပဲခံစားမိတယ်၊ အဲဒီနောက်ဆက်တွဲဇာတ်လမ်းကိုလည်း ဖြည့်စွက်လိုစိတ် ဖြစ်မိတယ်၊ တိတိကျကျပြောရရင်တော့ မေးခွန်းတစ်ခုမေးချင်လာတယ်၊ ဒီမေးခွန်းကိုမေးချင်တာက ဒီဇာတ်တော်ကို ဟောကြားခဲ့တဲ့ မြတ်ဗုဒ္ဓဘုရားရှင်ကိုလည်းမဟုတ်သလို ဇာတ်လမ်းထဲမှာပါဝင်တဲ့ပုဂ္ဂိုလ်တွေကိုလည်း မဟုတ်ပါဘူး။ ဒီဇာတ်လမ်းကိုဖတ်ခွင့်ကြုံလို့ ဖတ်ခဲ့ကြတဲ့၊ ဖတ်ကြမည့် စာဖတ်သူတွေကိုပါ။ စာရေးသူမေးခွန်း ထုတ်ချင်တဲ့သူတွေ ထဲမှာ စာဖတ်သူသင်လည်းပါဝင်နိုင်ဖို့နဲ့ စာရေးသူရဲ့အမေးကို စာဖတ်သူသင်ကိုယ်တိုင်ဖြေကြည့်ဖို့ ဟောဒီအောက်က သိင်္ဃပုပ္ဖဇာတကဝတ္ထုကို အကျဉ်းလောက်ဖတ်လိုက်ပါဦး။

ရှေးကဗာရာဏသီပြည်မှာဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းက ပုဏ္ဏားရွာတစ်ရွာမှာ လူသားတစ်ဦးဖြစ်ခဲ့ပါတယ်။အရွယ်ရောက်တဲ့အခါမှာ တက္ကသိုလ်ပြည်ကနေ ပညာသင်ကြားတတ်မြောက်ခဲ့တယ်၊နောက်တော့ တောထွက်ရဟန်းပြုခဲ့ပြီး တောတွင်းကပဒုမ္မာကြာကန်အနီးမှာ သီတင်းသုံးနေထိုင်ခဲ့တယ်၊ အဲဒီပဒုမ္မာကြာကန်ဘေးက သစ်ပင်တစ်ပင်ပေါ်မှာတော့ ကြာကန်ကိုစောင့်ရှောက်တဲ့ နတ်သမီးတစ်ဦးနေထိုင်တယ်။ တစ်နေ့မှာတော့ ရဟန်းတော်ဟာ ရေကန်ထဲကိုဆင်းပြီး ပွင့်နေတဲ့ကြာပန်းတစ်ပွင့်ကိုနမ်းရှူခဲ့တယ်။ ဒါကိုမြင်တွေ့တဲ့ ကြာကန်စောင့်နတ်သမီးက ရဟန်းတော်ကို ပိုင်ရှင်မပေးတဲ့ အနံ့ကိုခိုးတဲ့ နံ့သာခိုးရယ်လို့စွပ်စွဲပြောဆိုတယ်။ ဒီတော့ရဟန်းတော်က "ငါက သင်ရဲ့ကြာပန်းကိုလည်းမချိုး၊ ကြာပန်းတွေကိုအဝေးသို့လည်းဆောင်ယူပြီးမသွား၊ အနံ့ကိုသာနမ်းရှူယုံမျှဖြစ်တယ်၊ ဘယ်လိုအကြောင်းကြောင့် သင်ကငါ့ကိုနံ့သာခိုးလို့စွပ်စွဲရတာလည်း"လို့ ပြန်လှန်မေးမြန်းခဲ့တယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို ဒီအချိန်မှာပဲ မလှမ်းမကမ်းမှာ အခြားသူတစ်ဦးက ကြာစွယ်ကိုလည်းတူး ၊ ကြာပန်းကိုလည်းခူးနေတာကို ရဟန်းတော်နဲ့ နတ်သမီးတို့ မြင်ရတယ်။ သို့ပေမယ့်အဲဒီကြာပန်းကိုခူး၊ ကြာစွယ်ကိုတူးနေသူကိုတော့ နတ်သမီးက ဘာစကားမှ မဆိုဘဲနေခဲ့တယ်၊ ဒီအခါမှာ ရဟန်းတော်က "အဝေးမှရပ်ပြီးကြာနံ့လောက်ကိုသာရှူတဲ့ငါ့ကိုတော့ သင်က ခိုးသူလို့ စွပ်စွဲပြောဆိုတယ်၊ ကြာစွယ်ကိုတူး၊ ကြာပန်းကိုလည်းခူးတဲ့ ကြမ်းကြမ်းတမ်းတမ်းပြုသူ ဟိုလူကိုတော့ ဘာကြောင့်ကြာပန်းသူခိုးရယ်လို့ သင်က မပြောဆိုဘဲနေသလဲ"လို့မေးပါတယ်၊ ဒီတော့ နတ်သမီးက "အို ရဟန်း အဲဒီလိုကြမ်းကြုတ်တဲ့အလုပ်ကို ပြုလုပ်တဲ့ ဒီလိုသူမျိုးဆိုတာက ကျင်ကြီး ကျင်ငယ် မစင် တံတွေးတွေနဲ့ ပေရေနေတဲ့ နို့ထိန်းကျွန်မရဲ့ အဝတ်နဲ့အလား တူဖြစ်တယ်၊သူ့မှာက မကောင်းမှုအညစ်အကြေးတွေနဲ့ ညစ်ထေးလိမ်းကျံနေပြီးဖြစ်တယ်၊ သူလိုသူအတွက် ငါ့မှာ အထူးပြောဆိုနေဖို့မလိုဘူး၊ သင်ကဲ့သို့စင်ကြယ်ဖြူစင်မှုကို ရှာဖွေနေသူ တစ်ယောက်အတွက်တော့ သားမြီးဖျားလောက်မျှ အပြစ်ကပေမယ့် တိမ်တိုက်ပမာထင်ရှားတယ်၊ဒါကြောင့် သင့်ကိုသာငါက ကြာသူခိုးလို့ပြောဆိုရခြင်းဖြစ်တယ်" လို့ ပြန်ပြောခဲ့တယ်။ ဒီတော့မှ အလောင်းတော်ရဟန်းက နတ်သမီးရဲ့ရည်ရွယ်ချက်သဘောပေါက်ပြီး နတ်သမီးကို ကျေးဇူးစကားပြန်လည်ပြောကြားခဲ့တယ်။ နောက်ပြီး

နောင်မှာလည်း ငါ့မှာခုလိုချွတ်ယွင်းချက်မျိုးရှိခဲ့ပါက ရင်ဝယ်သားကဲ့သို့ ထောက်ပြပြောဆိုဖို့ ဖိတ်မံပန်ကြားခဲ့တယ်။ ဒီတော့ နတ်သမီးက" အိုရဟန်း ငါကသင်ကိုမှီပြီးအသက်မွေးနေတဲ့ သင်ရဲ့သူရင်းငှါး၊ သူခစားမဟုတ်လို့ သင့်ကိုစောင့်ရှောက်ကြည့်ရှုပြီးလည်း မနေနိုင်ဘူး၊ ဒီအလုပ်ဟာ ကောင်းကျိုးရလဒ်ကိုဖြစ်စေသလား၊ မဖြစ်စေဘူးလားဆိုတာကို သင်ကိုယ်တိုင်ပဲသိအောင်လုပ်ရလိမ့်မယ်၊ နောက်ပြီး ဒီအလုပ်ကို လုပ်လို့ကောင်းကျိုးရလဒ်ဖြစ်စေနိုင်တယ်ဆိုရင် အဲဒီအလုပ်မျိုးကို သင်ကိုယ်တိုင်လုပ်ရလိမ့်မယ်" လို့ ပြန်ပြောခဲ့ပါတယ်။ ဒါကတော့ သိဃ်ပုပ္ဖဇာတကဝတ္ထုပါပဲ။

တကယ်တော့ မကောင်းမှုဆိုတာအနည်းငယ်မျှလောက်လေးဖြစ်စေဦး၊ မကျူးလွန်မိစေဖို့၊ ကောင်းမှု မကောင်းမှုကို ကိုယ်ပိုင်အသိဉာဏ်နဲ့ဆုံးဖြတ်ပြီး ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ဖို့၊သူတစ်ပါးကိုမှီခိုပြီးမနေဖို့ ပြောဆိုခဲ့တဲ့ စကားပါပဲ။ ကြာပန်းကိုနမ်းရှူခဲ့တဲ့ ဘုရားအလောင်းရဟန်းတော်လည်း ကိုယ့်ကိုယ်ကိုထိန်းသိမ်းစောင့်ရှောက်ပြီး တရားနဲ့အညီနေထိုင်ခဲ့တာကြောင့် အဲဒီဘဝမှာလည်း ဈာန်သမာပတ်များရရှိခဲ့တယ်၊ သေလွန်တဲ့အခါမှာလည်း ဗြဟ္မာ့ပြည်ကိုလားရတယ်၊အဆုံးဘဝမှာ ကြာပန်းကိုနမ်းရှူခဲ့တဲ့ရဟန်းက ဘုရားရှင်ဖြစ်လာပြီး နတ်သမီးကတော့ ဥပ္ပလဝဏ်ထေရီမဖြစ်လာတယ်ဆိုပြီး ဇာတ်တော်ကိုပေါင်းခဲ့ပါတယ်။

ဒီဇာတ်တော်မှာ အဓိကဇာတ်ဆောင်ဟာ ဘုရားအလောင်းရဟန်းတော်ပါ၊ ဒါကြောင့် အလောင်းတော်ရဟန်းကို ဦးတည်ပဓာနအားဖြင့် ပြောထားတဲ့ဇာတ်လမ်းဖြစ်ပေလိမ့်မယ်၊ သူတော်ကောင်းအကျင့်ကိုကျင့်ကြံအားထုတ်နေတဲ့ အလောင်းတော်လို ပုဂ္ဂိုလ်အတွက်တော့ အနည်းငယ်မျှသောအပြစ်ကလေးသည်ပင် ဘေးလို့ရှုမြင်ပြီး ရှောင်ကြဉ်ရမည်ဆိုတဲ့အကြောင်းကို သင်္ခန်းစာပေးလိုခြင်းဖြစ်ကြောင်းနားလည်မိတယ်၊ အကျင့်သိက္ခာဖြူစင်မှုကိုမြတ်နိုးတန်ဖိုးထားသူတို့အတွက် အဖိုးမဖြတ်နိုင်လောက်အောင်တန်ဖိုးကြီးတဲ့ အဆုံးအမတစ်ခုလည်းပဲဖြစ်တယ်။

စာရေးသူကတော့ ဒီဇာတ်ဝတ္ထုမှာလို အဓိကဇာတ်ဆောင်ဘုရားအလောင်းရဟန်းကိုသာ ရည်ရွယ်တာမျိုးမဟုတ်ပဲ ကြာစွယ်ကိုတူး ကြာပန်းကိုခူးတဲ့ လူရမ်းကားမျိုးအတွက်လည်းပဲ စဉ်းစားမိတယ်၊ နောက်ပြီး "နို့ထိန်းသည်မရဲ့အဝတ်လို ညစ်ထေးနေတာကြောင့် ကြာပန်းချိုးတဲ့ကြာသူခိုးကို သူ့အနေနဲ့ဘာမှအထူးပြောနေဖို့မလိုဘူး"ဆိုတဲ့နတ်သမီးရဲ့စကားဟာ အဲဒီလိုပုဂ္ဂိုလ်တွေ ဘာပဲလုပ်လုပ်ခွင့်လွှတ်ရမယ်၊ ဘာမှမပြောပဲကြည့်နေရမယ်လို့ဆိုလိုတာ မဟုတ်ပေဘူးလို့လည်း နားလည်မိတယ်။ ဒါတင်မက စောင့်ရှောက်ထိန်းသိမ်းရမည့်တာဝန်ရှိသူ၊ ပြောဆိုဆုံးမရမည့်တာဝန်ရှိသူတို့အနေနဲ့လည်း လူကောင်းလူမွန် လူပီသသူတို့ရဲ့ အနည်းငယ်သောချွတ်ယွင်းအားနည်းမှုကိုသာ ထောက်ပြဝေဖန်ပြစ်တင်စကားဆိုကြရမှာ မဟုတ်ဘဲ၊ လူရိုင်း လူကြမ်း လူသရမ်းတို့ရဲ့ လူမပီသတဲ့လုပ်ဆောင်မှုများကိုလည်း ရဲရဲဝံ့ဝံ့မကြောက်ရွံ့ဘဲ ထောက်ပြဝေဖန်ပြောဆိုဆုံးမဖို့လိုတယ်ရယ်လို့လည်း နားလည်မိတယ်။ ဘယ်လို အဂတိတရားအရင်းခံမျိုးကြောင့်နဲ့မှ မသမာသူတို့ရဲ့ကောက်ကျစ်ယုတ်မာမှုကို မျက်ကွယ်မပြုသင့်ပေဘူးရယ်လို့လည်း ဆင်ခြင်မိတယ်။

ဟုတ်တယ်၊ မကောင်းမှုကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နေသူတွေကိုတွေ့လျှင် သူတို့မှာ အကုသိုလ်အညစ်အကြေးတွေနဲ့ ညစ်ထေးနေတာကြောင့် ဘာမှမပြောဆိုပဲ ဒီလိုပဲကြည့်နေရမယ်ဆိုရင် အဲဒီလိုသူတွေအနေနဲ့ မကောင်းမှုကို နောက်ထပ်တဖန်ဆထက်တိုးလို့ ပြုလုပ်နိုင်ဖို့အခွင့်ပေးသလိုဖြစ်သွားနိုင်တယ်၊ ဒီကတစ်ဆင့်တက်လို့ အဲဒီလိုအပြစ်ကျူးလွန်သူတွေကို ထိုက်တန်တဲ့ အပြစ်ပေးမှု အရေးမှုမပြုပဲ လျစ်လျူရှုထားခဲ့မယ်ဆိုရင် သူတို့ရဲ့လုပ်ရပ်ဟာ မှန်ကန်တဲ့ လုပ်ရပ်ဖြစ်တယ်၊ တရားနည်းလမ်းကျတဲ့လုပ်ရပ်ဖြစ်တယ်လို့ ထင်မြင်ယူဆသွားနိုင်တယ်၊ နောက်ပြီး သူတစ်ပါးတွေကိုပါ သူတို့နည်းတူလုပ်စေဖို့ တွန်းအားပေးလာနိုင်တယ်၊ သူတို့ကိုယ်တိုင်ကတွန်းအားမပေးသည့်တိုင် သူတို့ကိုအတုပြုလို့ မကောင်းမှုတွေကိုအခြားသူများလည်းပဲသူတို့နည်းတူပြုလုပ်လာနိုင်ပါတယ်၊ ဒါကြောင့် တစ်ဦးတစ်ယောက် မတရားမှုလုပ်တာကိုမြင်တွေ့ရရင် သူလုပ်တာမတရားဘူးဆိုတာကိုသူသိအောင် တစ်နည်းနည်းနဲ့ အသိပေးဖို့လိုတယ်၊ သူကအားကြီးသူမို့၊ သူကရမ်းကားသူမို့ စတဲ့အကြောင်းမျိုးကြောင့် ဘာကိုပဲ မတရားလုပ်လုပ်ခွင့်လွှတ်ရမည်၊ ခေါင်းငုံ့ သည်းခံပြီးနေပြရမည်ဆိုတာမျိုး သာမန်လူသားအသိုင်းဝိုင်းထဲမှာ ဖြစ်ကိုမဖြစ်သင့်ပေဘူး။

ဒါကြောင့် တစ်ယောက် တစ်ဖွဲ့၊တစ်သင်း၊တစ်စု စိတ်ထင်တိုင်းရမ်းကားဖို့ အေးချမ်းစွာနေထိုင်လိုတဲ့ လူ့အဆောက်အဦ အဖွဲ့အစည်းကြီး တစ်ခုလုံးက အဆုံးမရှိ သဘောထားကြီးပြရ၊ ခွင့်လွှတ်ပြရမည်ဆိုတာမျိုးကိုလည်း ဘယ်ဘာသာရေး အဆုံးအမ၊ ဘယ်လောက ဥပဒေသကမှ သွန်သင်ပြလိမ့်မယ် မဟုတ်ဘူးလို့လည်း ယုံကြည်မိတယ်၊ တကယ်လို့ ရှိခဲ့တယ်ဆိုလျှင်တောင် ဒါဟာ မျှတမှုကင်းမဲ့တဲ့ ၊ တရားနည်းလမ်းမကျတဲ့ အဆုံးအမ၊ ဥပဒေသသာ ဖြစ်ပေလိမ့်မယ်။ နောက်ပြီး တရားမမျှတတဲ့အဆုံးအမ ဥပဒေသတွေ လောကထဲကနေ ကွယ်ပသွားအောင်ပြုလုပ်ဖို့ရန်အတွက် လူသားတိုင်းမှာ တာဝန်ရှိတယ်ဆိုတာကိုလည်း  လုံးဝဥဿုံ ယုံကြည်မိတယ်။

ဒီဇာတ်လမ်းမျိုးမှာဆိုလျှင် ကြပန်းသူခိုးကိုလူဆိုးက ပထမအကြိမ်မှာတော့ ကြာပန်းကိုခူး၊ ကြာစွယ်ကိုသာတူးမယ်၊ အဲ နောက်တစ်ကြိမ်မှာဆို ကြာပန်းခူး ကြာစွယ်တူးရုံပါမက ကန်ထဲကရေကိုလည်းနှောက်၊ ကန်ပေါင်ကိုပါ ချိုးဖောက်မလာနိုင်ပေဖူးလားလို့ မေးချင်ခဲ့တယ်၊ ဒီလိုဖြစ်လာမည်ဆိုရင်တော့ နတ်သမီးခမျာ စောင့်ရှောက်စရာ ကြာရေကန်မရှိနိုင်တော့တာကြောင့် အလုပ်မဲ့ဖြစ်လို့ သူ့ရဲ့ဘုံဗိမာန်ပါပျောက်သွားနိုင်ပါတယ်၊ ဒီလိုဆို နောင်မှာဘုရားအလောင်းလို သူတော်ကောင်းတွေကိုလည်း ဘယ်မှာလာလို့ ဆုံးမစကားဆိုနိုင်တော့မှာလဲ၊ အဲ့.. အဆင်းလည်း လှ၊ အနံ့လည်းသင်း မွှေးမြလှပခြင်းဂုဏ်ရနံ့များနဲ့ ထုံပျံ့သင်းနေလေမည့် ကြာပန်းခင်းမျိုးရှိနိုင်ဖို့ဆိုတာကတော့ ဝေးမှဝေးခြင်းကြီးသာဖြစ်ပေလိမ့်မပေါ့။ ဘယ်မှာ လာလို့ရှိနိုင်ပါတော့မလဲ၊ ဟုတ်တယ်မို့လား။ ။

မေတ္တာဖြင့်
အရှင် ဉာဏိက

ဖွန်လ၊၄ ရက် ည ၂၀၀၄